သန့်ရှင်းသောကျမ်း
ဝိညာဉ်ရေးဂျာနယ်

ယောရှုခရစ် သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှာ ဤလောက သို့ ကြွလာတော်မူသည် ဟူသောစကားသည် သစ္စာစကားဖြစ်၏။ ၁တိ ၁:၁၅

သို့ ........................................
အတွက် ခရစ္စမတ် လက်ဆောင်
မှ ........................................
(ပျော်ရွှင်သော မွေးနေ့တော် ချိန်ခါ ဖြစ်ပါစေ။)

အမှတ်စဉ် (၄) | ဒီဇင်ဘာလ | ၂၀၀၁ ခုနှစ် | ( မွေးဒါန )

ခရစ္စမတ် ရသ ဝတ္ထုတို

# သင့်အတွက်နေရာမရှိပါ



**အခန်း (၁)**

ကြယ်ရောင်၊ လရောင်များက ညအမှောင်ကို ခန အရောင်ဖျောက်ထားကြသည်။ သူငယ်ဆိတ် အိပ်ချိန်ကျော်ပြီမို့ လမ်းမပေါ်တွင် လမ်းသွား၊လမ်းလာ သိပ်မရှိတော့သလို၊ အိမ်များတွင်လဲမီးမှိတ်ကာ၊ အိပ်စက်နေကြလေပြီ၊ ညနက်သည်အထိ အိပ်မပျော်နိုင်သောသူတစ်ဦးရှိနေသေးသည်။ ထိုသူကား တောမြို့လေး၏ နာမည်ရတည်းခိုခန်း တစ်ခု၏ပိုင်ရှင် ဒယောတရပ် ဖြစ်သည်။ သံလွင်ဆီမီးတိုင်၏ အလင်းရောင် အောက်တွင် စာရွက်စာတမ်း၊စာရင်းဇယားများ ငွေသားများဖြင့် တစ်ယောက်တည်းအလုပ်ရှုပ်နေသော သူ၏ နှုတ်ခမ်းတွင် တစ်စုံတစ်ရာကို နှစ်သက်ကျေနပ်နေသော အပြုံးတစ်ခုကနေရာယူထားသည်။

ယခုရက်ပိုင်းအတွင်းတွင် သူတို့၏မြို့လေးသို့ လူတော်တော်များများ လာရောက်ကြသည်မို့ တည်းခိုခန်း ဖွင့်ထားသော သူများ အလုပ်ဖြစ်နေကြသည်။ ရက်ပိုင်းအတွင်း တည်းခိုခန်းခနှုန်းများ ၂ဆ မြင့်တက် သွားသည်။ ထမင်းဆိုင်များလဲ အရောင်းသွက်နေသည်။ ခရီးသွားများ၏ ကုလားအုတ်များ၊မြည်းများကို ကျွေးမွေးစောင့်ထိန်းသည့် လုပ်ငန်းလဲအလုပ်ဖြစ်နေသည်။ အမြော်အမြင်ကြီးမားသော သူ၏အကြံအစည်ဖြင့် ယခင်က တည်းခိုခြင်းလုပ်ငန်း တစ်ခုတည်းသာ ဖောက်ချလုပ်ကိုင်သော သူ၏တည်းခိုခန်းတွင် ထမင်းဆိုင်နှင့် ကုလားအုတ်များ၊ မြည်းများကို ထိန်းသိမ်းသည့်လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်နေသည်။

ထို့ထက်ပို၍ အောင်မြင်သောနည်းမှာ တည်းခိုခန်း လိုချင်နေသော သူဌေးသူကြွယ်များ ရောက်လာ ပါက ထိုသူများထံမှမြင့်မားသော ဈေးဖြင့်လက်ခံပြီး ယခင်ကဈေးပေါပေါဖြင့် ရက်ကြာကြာတည်းခိုနေသော ဧည့်သည်များကို အကြောင်းအမျိုးမျိုးပြ၍ မငှားတော့ဘဲ ဈေးပိုပေးသောသူကို အစားထိုး ငှားစေခြင်း ဖြစ်သည်။

ငွေကြေးများ၊စာရင်းဇယားများထဲတွင် အာရုံရောက်နေချိန်တွင် အပြင်ဘက် တံခါးမကြီးဆီမှ တံခါး ခေါက်သံကြားလိုက်ရသည်။ 'ဒေါက်-ဒေါက်' "ည အချိန်မတော် ဘယ်သူများပါလိမ့်" သံလွင်ဆီမီးတိုင်ကို လက်တစ်ဘက်ဖြင့်ကိုင်မြှောက်ပြီး တံခါးမကြီးကိုဖွင့်လိုက်သည်။ မီးရောင်အောက်တွင်ခရီးဝေးမှ ရောက်လာပုံ ရသော လူရွယ်တစ်ဦးကို တွေ့လိုက်ရသည်။ အဝတ်အစားခပ်နွမ်းနွမ်း နှင့် သာမာန်ဆင်းရဲသားတစ်ဦး ပုံစံ ပေါက်နေသည်မို့ သိပ်စိတ်မဝင်စား လှသော်လဲ လုပ်ထုံးလုပ်နည်းအရ၊ "ဘာအလိုရှိပါသလဲ" ဟု သံပြတ်နှင့် မေးခွန်းထုတ်လိုက်သည်။ "ကျွန်တော် တည်းခိုခန်းငှားချင်လို့ပါခင်ဗျာ၊ နှစ်ယောက်အိပ်ခန်း လိုချင်ပါတယ်" ဒယောတရပ် က စိတ်မပါသလို ခေါင်းခါ ပြလိုက်ပြီး " စိတ်မကောင်းပါဘူး၊ အိပ်ခန်းအားလုံး လူပြည့်နေပါပြီ။ ခင်ဗျားတို့ အတွက် နေရာမရှိပါဘူး " ဟု ပြန်ဖြေပြီးသည် နှင့် တံခါးမကြီး ကို ပိတ်ရန် ဟန်ပြင်လိုက်သည်။

လူရွယ် ကပြာပြာသလဲဖြင့် "ဟို- သည်းခံ ပါဗျာ၊ ကျွန်တော်က ခရီးဝေးကလာရတဲ့သူမို့ပါ၊ ဘယ်လို အခန်းဘဲဖြစ်ဖြစ် နေလို့ရရင်တော်ပါပြီ၊ တခြား တည်းခို ခန်းတွေ အားလုံးကလဲလူပြည့်နေလို့ပါ၊ ကျွန်တော်တို့လဲ ခရီးပန်းနေပြော့ တခြားနေရာ ထပ်မရှာနိုင်တော့ပါဘူး၊ ခင်ဗျာ" " မင်း ငွေ ဘယ်လောက်ပိုပေးနိုင်မလဲ၊ မင်းမှာ ပိုက်ဆံဘယ်လောက် များများပါသလဲ " ငွေ စကား ကြားရတော့ လူရွယ် မျက်နှာ တစ်ချက်ပျက်သွားသည်။ " ဟာ- ကျွန်တော့် မှာ ငွေများများ မပါပါဘူး။ ကျွန်တော်ဟ အရေးပေါ် ထွက်လာရတာဆိုတော့ ငွေ များများမထည့်လာခဲ့ပါဘူး၊ဖြစ်နိုင်ရင် ဟို-ဟို-" လူရွယ် စကားမဆုံးခင် ဒယောတရပ် က "ဟာ အလုပ်ပျက် အကိုင်ပျက်၊ ပိုက်ဆံမပါဘဲနဲ့ မင်းကိုဘယ်သူက တည်းခို ခန်းငှားမှာလဲ၊ သွားသွား တခြားနေရာမှာ သွားရှာချေ၊ အချိန်မတော် အိပ်ရေး ပျက်တယ်။" တည်းခိုခန်း ပိုင်ရှင် ဒယောတရပ် က စိတ်တိုတို နှင့် ပြန်ပြော လိုက်သည်။ ထိုအချိန်တွင် "ဘာတွေ ဖြစ်နေကြတာလဲ၊ ညကြီး အချိန်မတော်၊ ကိုဒယောတရပ် ရှင် မအိပ်သေး ဘူးလား၊ ညနက်နေပြီလေ" ဟု ဆိုကာ ဒယောတရပ် ၏ မိန်းမ လုဒိ က မိန်းမပီပီ စပ်စုလိုသောသဘောနှင့် အပြင် သို့ထွက်လာသည်။

"အိပ်တော့မလို့ဘဲ၊ ဒီမှာတည်းခိုခန်း ငှားချင် လို့တဲ့ ၊ ကျုပ်က အခန်းလွတ်မရှိတော့ဘူးလို့ ပြန်ပြော နေတာ၊" ဒီတော့မှ လုဒိ ကအခန်းလာငှားသော လူရွယ်ကို သတိပြုမိသွားပြီး၊ " ဟုတ်ပါတယ်၊ ငါ့တူရယ် အဒေါ်တို့ ဆီမှာ အခန်းလွတ်မရှိတော့ပါဘူး၊ ကဲသာ ဘုရင်ဩဂုတ္တု ရဲ့အမိန့်အရ တနိုင်ငံလုံး သန်းခေါင် စာရင်းသွင်းဖို့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်လာကြတော့ ဒေါ်ဒေါ်တို့ ဆီမှာလဲ တည်းခိုခန်းတွေ ပြည့်ကုန်တာပေါ့ ကွယ်၊ ဒါနဲ့ ငါ့တူက နာမည်ဘယ်လိုခေါ်လဲ၊ ဘယ်က လာတာလဲ၊" ခရီးသည် လူရွယ်က " ကျွန်တော့်နာမည် ယောသပ်ပါ၊လက်သမားအလုပ်လုပ်ပါတယ်၊ ဂါလိလဲပြည် နာဇရက်မြို့ က လာတာပါ၊ ကျွန်တော့ အမျိုးသမီးလဲပါ ပါတယ်၊ သူ့နာမည်က မာရိ ပါ၊ ကိုယ်ဝန်အရင့် အမာကြီးနဲ့ ဆိုတော့ ခရီးအရမ်းပန်းနေလို့ပါ "

ယောသပ် ၏စကားဆုံးသွားမှ လုဒိ ကခြံ အပြင်ဘက်တွင် ရပ်ထားသော မြည်းပေါ်မှာ ထိုင်နေ သည့် မာရိ ကိုသတိပြုမိသွားသည်။ " အို- မင်း မိန်းမက ကိုယ်ဝန်ကြီးနဲ့ပါလား၊ မင်းက မြည်းကို

အပြင်မှာရပ်ထားတော့ မင်းမိန်းမ ပါလာတာ ဘယ်မြင်ပါ့မလဲ၊ အထဲထိခေါ်လာရောပေါ့ကွယ်။ ကိုဒယောတရပ်ရေ၊ ဒီမှာ မိန်းကလေးကကိုယ်ဝန်ကြီး နဲ့ မွေးခါနီးနေပြီတော့၊ သူတို့ တည်းဖို့ တစ်ခုခုစီစဉ်ပေးမှဖြစ်မယ်၊" လုဒီ က ပြာပြာသလဲဖြစ်နေချိန်တွင် ဒယောတရပ် က "ကဲဒေါ်လျှာရှည် မင်း က တဲ့ဇာတ်ကို မင်း ဘာသာ မင်းဘဲ နိုင်အောင် ကတော့ ၊ တခြားလူကိုကူညီဖို့ ငါ့မှာအချိန်မရှိဘူး၊ " ဟု ဒေါနှင့်မောနှင့် ပြောပြီး ထွက်သွားပါတော့သည်။ ထိုနောက်မှ " ကဲ ငါ့တူနဲ့ တူမနဲ့ လာလာ၊ နောက်ဖေးမှာ နွားတင်းကုပ်တစ်ခုရှိတယ်၊ အဲဒီမှာ နားနားနေနေ နေပေါ့ကွယ်၊" ဟုဆိုကာ လုဒီ ကခရီးသည် ဇနီးမောင်နှံနှစ်ဦးကို ဦးဆောင် ခေါ်သွားလေတော့သည်။

အခန်း (၂)

ညကအိပ်ရေးပျက်ထားသည်မို့ ဒယောတရပ် နေမြင့်မှ နိုးလာသည်၊ နိုးနိုးချင်း သတိရလိုက်သည်က မိမိ တည်းခိုခန်းတွင် လာရောက်တည်းခိုနေသော ယေရုရှလင်မြို့မှ အခွန်ခေါင်းအရာရှိတစ်ဦးမှာထားသည့် ညစာစားပွဲကို အထူးစီမံပြင်ဆင်ရမည့်ကိစ္စဖြစ်သည်။ လူကုံထံတစ်ဦး၏ စားသောက်ပွဲဖြစ်သောကြောင့် ဈေးဝယ်ဖို့၊ ချက်ဖို့၊ ပြုတ်ဖို့ ကိစ္စများတွင် အမှားအယွင်းမရှိစေရန် စီမံဖို့ အိမ်အောက်ထပ်သို့ ကသောကမျော ပြေးဆင်းလာခဲ့သည်။ အောက်ထပ်သို့ ရောက်သောအခါ၊ တောထဲတွင်သူ၏ သိုးများကို ထိန်းကျောင်းနေသော အလုပ်သမားများ အိမ်ပြန်ရောက်နေသည်ကို တွေ့လိုက်ရသည်မို့ " ဟေ့ မင်းတို့ အလုပ်မလုပ်ဘူးလား၊ ဘာဖြစ်လို့ တောထဲကအစောကြီးပြန်လာတာလဲ၊ ငါ့သိုးတွေရောဘယ်မှာလဲ၊ " ဟု အော်ဟစ်ငေါက်ငေါ်လိုက်သည်။ သိုးထိန်းခေါင်းဆောင်က " ဆရာ့ သိုးတွေ တောထဲမှာကျန်ခဲ့ပါတယ်၊ ကျွန်တော်တို့လဲ ညက အရေးကြီးတဲ့ကိစ္စနဲ့ပြန်လာကြတာပါ၊" " ဟေ– မင်းတို့ တော်တော်လက်ကြောမတင်းတဲ့ကောင်တွေဘဲ၊ ငါ့သိုးတွေ တစ်ခုခု ဖြစ်လို့ကတော့ မင်းတို့တစ်ယောက်မှ ပိုက်ဆံမရဘူး မြဲမြဲမှတ်ထား၊ " " ပိုက်ဆံမရလဲကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်တို့ မှာ ပိုက်ဆံထက် အများကြီးသာတဲ့ အရာကိုရထားပါတယ်၊ ညကကျွန်တော်တို့ သိုးကျောင်းနေတုံး ကောင်းကင်တမန်တွေ ရောက်လာပြီး သခင်ခရစ်တော်ဆိုတဲ့ ကယ်တင်ရှင်ဟာ ကျွန်တော်တို့ အတွက်မွေးဖွားလာပြီတဲ့ ယေရှုသူငယ်ကို နွားစားခွက်ထဲမှာသိပ်ထားတာတွေ့ရမယ်ဆိုလို့ ကျွန်တော်တို့လဲ ချက်ချင်းပြေးလာကြည့်ကြတယ်၊ တစ်မြို့လုံးမှာရှိတဲ့ နွားတင်းကုပ်တွေကို လိုက်ကြည့်တာဘယ်မှာမှ ရှာမတွေ့ဘူး၊ နောက်ဆုံး ဆရာ့ရဲ့တည်းခိုခန်း နောက်ကနွားတင်းကုပ်ထဲမှာ မွေးဖွားလာတဲ့ သူငယ်တော် ကယ်တင်ရှင် ကိုလာတွေ့တာဘဲဗျ၊ ဒါနဲ့ဒီသတင်းကို ညတွင်းချင်းဘဲ တအိမ်တက်ဆင်း လိုက်ပြောနေတာပါ" သိုးထိန်းခေါင်းဆောင်၏ စကားအဆုံးတွင် ကျန်သော သိုးထိန်းများကလဲ ဝမ်းသာစရာသတင်းစကားကို တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြလေသည်။

ထို စကားများကို ကြားရသောအခါတွင် ဒယောတရပ် သည် ခေတ္တငိုင်သွားပြီး " ငါ့ နွားတင်းကုပ်မှာ လာတည်းတဲ့သူဆိုတော့ ညတုံးကရောက်လာတဲ့ ဂါလိလဲပြည် နာဇရက်မြို့က လက်သမားဆရာ လင်မယားများလားမသိဘူး" ဟုပြောလိုက်ပါသည်၊ ထိုအချိန်တွင်နောက်မှာရောက်နေသော သူ့မိန်းမ လုဒီ က"သိပ်ဟုတ်တာ ပေါ့ရှင်၊ ညကတည်းခိုစရာ နေရာမရှိပါဘူးလို့ ရှင်ငြင်းလိုက်တဲ့သူဟာ ဒီညမှာ မွေးဖွားလာတဲ့ ကျွန်မတို့ တမျိုးလုံး စောင့်မျှော်နေတဲ့ ကယ်တင်ရှင်ဘဲ၊ " ဟုပြောလိုက်ပါသည်။ " ညတုံးက ထူးထူးခြားခြား ကျွန်မတို့နွားတင်းကုပ်ပေါ်မှာ ကြယ်ကြီးတစ်လုံးရပ်တန့်ပြီး ထွန်းတောက်နေလိုက်တာများ သိပ်လှတာဘဲတော်၊ ကယ်တင်ရှင် သူငယ်တော် မွေးဖွားလာပြီးတဲ့ အခါ အရှေ့ပြည်က ပညာရှိတွေလဲ လက်ဆောင်တွေယူလာပြီး လာဖူးမျှော်ကြတယ်၊ နောက်တော့ ဟောဒီက ရှင့်တပည့်သိုးထိန်းတွေလဲ ကောင်းကင်တမန် လာပြောလို့ ချက်ခြင်းလာဖူးမျှော်ကြတယ်။ အို–ညတုံးက ကျွန်မတို့ ခြံထဲမှာကယ်တင်ရှင်ကို လာဖူးမျှော်ကြပြီး လူတွေ ပျော်နေကြတာများ ပြောမပြတတ်အောင်ပါဘဲရှင်၊ ရှင်ကတော့လောဘဇောတက်ပြီး အိပ်မောကျနေတော့ ဘယ်သိပါ့မလဲတော်၊"

လုဒီ သည် ညကအဖြစ်အပျက်အား တည်းခိုခန်းတွင်ရှိနေသော သူများကိုဝမ်းသာအားရ ပြောပြနေသည်၊ သိုးထိန်းများကလဲ ဝမ်းသာစရာသတင်းကို မြို့ထဲတွင်ကျန်သေးသော အိမ်များတွင်လိုက်ပြောဖို့ ထွက်သွားကြသည်။ အဲ– ဒယောတရပ် တစ်ယောက်ကတော့ဖြင့် အလျင်ဦးဆုံးသူ့ထံ ရောက်လာသော ကယ်တင်ရှင်ကို 'နေရာမရှိပါဘူး' ဟု ငြင်းဆန်မိသောကြောင့်" ငါမှားပြီ ၊ ငါမှားပြီ " ဟု နှုတ်က တဖွဖွရွတ်ပြီး လဲကျ သွားပါတော့သည်။ ။ ( မင်းအောင်သက်လွင် )

[စာကြွင်း---- ပထမဦးဆုံး ခရစ္စမတ်ညမှာ ကယ်တင်ရှင်ယေရှု ဟာ ဧည့်သည်တည်းရာစရပ်မှာ တည်းခိုစရာမရှိလို့ နွားတင်းကုပ်ထဲမှာ မွေးဖွားခဲ့ရပါတယ်။ ဒီနှစ် ခရစ္စမတ်မှာတော့ ကယ်တင်ရှင်ယေရှု ဟာ သင့်ရဲ့ နှလုံးသားထဲမှာ မွေးဖွားနေရာယူဖို့ အခွင့်တောင်းနေပါတယ်။ ကယ်တင်ရှင်အတွက် နေရာမရှိပါဘူးလို့ သင်ငြင်းဆန်ခဲ့ရင် နောင်တမလွန် သင် ကွယ်လွန်သွားချိန်မှာလဲ သခင်ယေရှု က ကောင်းကင်ဘုံမှာ "သင့်အတွက် နေမရာမရှိပါ "လို့ ပြန်ပြီးငြင်းဆန်ပါလိမ့်မယ်။ ဝမ်းနည်းစရာမကြုံစေဖို့ ဒီနှစ် ခရစ္စမတ် မှာ ကယ်တင်ရှင်ယေရှု ကို သင့်နှလုံးသားထဲမှာ နေရာပေးပါ။]




### မွေးနေ့တော် တေးကဗျာ

ထူးထူးဆန်းဆန်း ပေါ်ထွန်းလာ
လမ်းပြ ကြယ်ကြီးပါ၊
အရှေ့ အရပ်က ပညာရှိ
သိပ္ပံအတတ် နဲ့ ဖွေရှာကြည့်။


မင်းလောင်းတစ်ပါး ဖွားမြင်လာ
ဗက်လင်မြို့ငယ်မှာ၊
လော်ဗန်၊ မုရန်၊ ရွှေစင်များ
ပူဇော် ဆက်ဖို့ ဆောင်ယူသွား။

လူ့ဆင်းရဲသား သိုးထိန်းတွေ
တောမီးလှုံရင်း သိုးကျောင်းနေ၊
ကောင်းကင်တမန် သတင်းစကား
သူတို့ ခံယူ ဝမ်းမြောက်သွား။

သူငယ် ယေရှု မွေးဖွားလာ
သူ့ နန်း ပြုတ်မှာ စိုးရိမ်ရှာ၊
ခက်ထန်ဒေါသ အမျက်မီး
နန်းတော်ထဲ က ဘုရင်ကြီး။

ယောသပ် မာရိ ပျော်ရွှင်နေ
နွားတင်းကုတ် မှာ တေးသံဝေ၊
ကမ္ဘာလူသား ပြစ်လွတ် ဖို့
သခင်ယေရှု ကို ဖူးမျှော် ရို့။

( မင်းအောင်သက်လွင် )



### ကြင်နာသူများ စွန့်ခွာခဲ့ကြသော်လည်း

ကြောက်ရွံ့ ရှက်စရာ
ကျွန်ုပ် ဘဝမှာ၊
ကြင်နာသူများ ဝေးကွာသွားခဲ့။

ရက်စက် ခါးသီးသော ည
ပူဆွေးငိုကြွေး ရသော ဘဝမှာ၊
ယုံကြည်သူများ စွန့် ခွာသွားခဲ့။

မျှော်လင့် အားကိုးစရာ
ကယ်တင်ရှင် ယေရှုရှင်သာ၊
အနားမှာ ဖေးမ နေခဲ့။

ခွင့်လွှတ်ပါတယ် ဆိုတဲ့
အဖရဲ့ ကြင်နာစကား
"ရွှေအိမ်တော်မှာ စံမြန်းပါ"။

နန်းစင်ဖြူ
၁–၁၂–၂၀၀၁
အေအိုင်ဒီအက်(စ) ဝေဒနာခံစားရသူတို့အတွက်




# မျှော်လင့်ချက်လေးတွေကြွေ

သက်သေခံချက်

နံနက်လင်း ရောင်ခြည်ဦးတွင် ပြူတင်းပေါက်မှ ပြေးဝင်လာသော ဆောင်းလေနု အေးလေးများကြောင့် ကျွန်မ အိပ်ယာမှ နိုးထလာခဲ့ပါသည်။ "ဩော် ဘာလိုလိုနဲ့ ဆောင်းတွင်းတောင် ရောက်လာခဲ့ပြီဘဲ၊" ဒီဇင်ဘာလ သည် ကယ်တင်ရှင်ယေရှု ကြွဆင်းလာသည့် အေးချမ်းသာယာသော ပျော်စရာ အကောင်းဆုံး လ ဖြစ်သလို အေအိုင်ဒီအက်(စ) နေ့ဖြစ်သည့် ဒီဇင်ဘာ ၁ ရက်နေ့သည် ဝေဒနာသည်များ၏ အပူမီးများကြောင့် ဝမ်းနဲ မျက်ရည်လည်မိပါသည်။ ထိုအကြောင်းကို တွေးရင်း ကျွန်မ၏ စိတ်များသည်လဲ ဟိုး လွန်ခဲ့သော နှစ်များဆီသို့------

ကျွန်မတို့ နေထိုင်ရာ ရှမ်းပြည်အရှေ့ပိုင်း နယ်စပ်မြို့လေးသည်၊ သာယာအေးချမ်း လှပါသည်။ သို့သော် သာယာလှပသော တောင်တန်းများဖြင့် ဝန်းရံထားသော ဖန်ဆင်းရှင် ဘုရားသခင်၏ လက်ရာများသည် လူသားများ၏ အညစ်အကြေး အပြစ်များကြောင့် အစွန်းအထင်း ခံခဲ့ရသော အကြောင်းများမှာ---

"ဟေ့– နန်း နင်သတင်း ကြားပြီးပြီလား၊ ဟိုဘက်ရပ်ကွက် က ဦးဒါတို့ လင်မယား ညကအဖမ်း ခံရတယ်တဲ့ အဖြူလုပ်လို့လေ။" " ဟင် ဟုတ်လား" မယုံနိုင်လောက်အောင် အံ့ဩမိသည်။ လက်ထပ်ပြီးခါစ အသစ်စက်စက် ဦးဒါ တို့ လင်မယားနှစ်ယောက်၏ မျက်နှာကို မြင်ယောင်မိသည်။ သူတို့နေသော တိုက်မှာ လှလှပပ နေချင်စရာလေးဖြစ်သည်၊ စည်းစိမ်ကြွယ်ဝ ချမ်းသာလွန်းလှပါဘိ၊ ယခု အဖမ်းခံလိုက်ရ၍ ရဲတွေက အိမ်ကို ချိတ်ပိတ်လိုက်ပြီမို့ ခွေးနှစ်ကောင်သာ ကျန်ရစ်ခဲ့ပါသည်။ ခွေးနှစ်ကောင်သည်လဲ သခင့်အပေါ် သစ္စာရှိစွာနှင့် အိမ်အပြင်ကို လုံးဝမထွက်ဘဲ သခင့်ခြံကိုစောင့်ပေးနေလေသည်။ "ဩော် လူသားတွေရဲ့ လောဘမီးကြောင့် ဖြတ်လမ်းနည်းနဲ့ လောကကို အရောင်ဆိုးကြပြီ။ ပျက်စီးယိုယွင်းကုန်ကြပြီ။"

တစ်ခုသော ညနေချမ်း၊ ခြံထဲတွင် ကျွန်မ စာထိုင်ဖတ်နေသည်။ ညနေစောင်း လေညှင်းလေးခံ၍ ငှက်ကလေးများ၏ တေးသံသာကို ခံစားနေချိန်တွင် အန်တီ ဒေါ်နန်းတစ်ယောက် အိမ်ဘေးကဖြတ်သွားသဖြင့် လှမ်းနှုတ်ဆက် လိုက်ပါသည်။ " အန်တီ နေကောင်းလား" "လူတော့ကောင်းပါရဲ့ ၊ စိတ်ဘဲ နေမကောင်းတာပါ" ဟု ပြန်ဖြေရင်း မယ်ဆိုင် တွင် ဆေးရုံတက်နေသော သူ့သမီးကို သွားကြည့်ဖို့ နှုတ်ဆက်ပြီး ထွက်သွားပါသည်။ သူ့သမီးက မယ်ဆိုင် တွင်အလုပ် သွားလုပ်ရင်း အိမ်ထောင်ကျပြီး အေအိုင်ဒီအက်(စ) ရောဂါရလာသည်၊ ရောဂါ ရလာသောကြောင့် ယောကျာ်းက စွန့်သွားသောအခါ မိဘထံ ပြန်လာခဲ့သည်။ ယခုရောဂါ အသည်းအသန် ဖြစ်နေလေပြီ။ မကြာမီ နောက်တစ်ရက်မှာဘဲ၊ "ဆုံးသွားပြီ"ဆိုသော ဝမ်းနည်းစရာ သတင်း၊ "ဩော် အဖြည့်ခံ ပန်းလေးရဲ့ ဘဝ အညွန့်ကျိုး ခဲ့ရပြီပေါ့။"

တနင်္ဂနွေနေ့ လူငယ်စည်းဝေး ကအပြန်တွင် လူငယ်ဝတ်ပြု စည်းဝေးမှာ သီချင်းဆိုသွားသော လူခန့်ချောကြီး အကြောင်း သူငယ်ချင်း နှင်းမာ နှင့်အတူ စကားပြော ဖြစ်သွားသည်။"ဟဲ့ နန်း နင်မသိဘူးလား၊ သူက တောင်ကြီးမှာ ကျမ်းစာကျောင်း သွားတက်တာ ဒုတိယနှစ်ရှိပြီ၊ အခုကျောင်းပိတ်လို့ ပြန်လာတာ၊ သူပြန်လာမှ ဘုရားကျောင်းက ပိုနိုးကြားလာတယ်၊ လူကြီး၊ လူငယ်အားလုံး သူ့ကိုချစ်ကြတယ်၊" "ဩော် ဟုတ်လား" ။ နောက်လ အနည်းငယ် အကြာတွင် နှင်းမာ ဆီက သူ့သတင်း ထပ်ကြားရသည်။ "သူ့ဆီမှာ အိပ်ချ်အိုင်ဗွီ ပိုးရှိတယ်တဲ့။ တချိန်က သူအရမ်းဆိုးတဲ့ အကြောင်း၊ ဘိန်းဖြူသုံးကြောင်း၊ အပျော်အပါး လိုက်စားကြောင်း၊ ဝိညာဉ် အသက်တာ သေတဲ့ကြောင်း --ဝမ်းနည်း စရာပါဘဲ၊" ယခုတော့ နောင်တ တရားနှင့် သခင့်ထံ ပြန်လာ ပါသော်လည်း----

သောကြာနေ့ ဘုရားကျောင်း တွင် ကွာယာကျင့် ရန်အသွား အသင်းတော် ဆေးခန်းသို့ ဓမ္မဆရာ တစ်ယောက် ကလေးငယ်လေး ပိုက်ပြီး ဆေးခန်း လာပြ ပါသည်။ ယခင်က ထိုဆရာသည် အသင်းတော် ထဲတွင် တက်ကြွစွာ ပါဝင် ဆက်ကပ် ခဲ့သည်။ သို့သော် မိန်းမ ဆုံးသွားပြီးနောက် သူ့သမီး အရွယ်လောက် ရှိသော အမျိုးသမီး ငယ်တစ်ဦးနှင့် အိမ်ထောင် ထပ်ပြုပါသည်။ ထို အမျိုးသမီး ထံတွင် အေအိုင်ဒီအက်(စ) ရှိနေ၍ ကလေး မွေးပြီး တစ်လ အကြာတွင် ဆုံးသွားပြန်သည်။ ဆရာနှင့် ကလေးတွင် ရောဂါစွဲ ကျန်ရစ်ခဲ့သည်။ အသက်လု ရှုနေရသော ကလေးငယ်၏ ရောဂါ ဝေဒနာ ခံစားမှုက ကျွန်မ ရင်ထဲတွင် နင့်နေအောင် ခံစားရပါသည်။ သဲစွာမရှိ၊ မစာနာတတ်သော မိဘများကြောင့် အပြစ်မဲ့သော ရင်သွေးငယ် လေးများ နာကျင်စွာ ခံစားနေရပါပြီ။

****ဒီကမ္ဘာ လောကကြီးမှာ မျှော်လင့်ချက် တွေပျောက်ကုန်ပြီ၊ လူတွေ ဘယ်လို ဖြစ်ကုန်ကြပြီလဲ၊ သာယာ လှပတဲ့ လောကကြီးလဲ အပြစ် အညစ်အကြေးနဲ့ ညစ်ပတ် ပေရေကုန်ပြီ။ ရောဂါဆိုးတွေ ခံစားရကုန်ပြီ၊ ဘယ်လို ပြန်ကုသမလဲ။ ကိုယ်တော်ရှင်ရဲ့ မေတ္တာနဲ့ လူသားတွေ ရဲ့ဝေဒနာကို ကုစား ကြပါစို့လား၊ လောကသားတွေ လိုအပ်နေတဲ့ မေတ္တာဖြင့် ပေးကမ်း မျှဝေ ခံစား ကြပါစို့လား၊ ငိုကြွေး ပူပန်နေသူတို့အား မေတ္တာဖြင့် ဂရုပြု ကြပါစို့၊ ခရစ်သခင်နဲ့ တူသော အကြင်နာ မျက်ဝန်းဖြင့် ကိုယ်ချင်းစာ ကြည့်ကြပါစို့လား ကြင်နာ ဖေးမလာမဲ့ မိတ်ဆွေရဲ့ လက်ကလေး များကို သူတို့ စောင့်မျှော် နေကြပါပြီ၊ သူတို့ အပြစ်အတွက် ကြားခံ ဆုတောင်း ပေးမဲ့သူကို လိုအပ်နေပါတယ်။ အငယ်ဆုံးသော သူတို့လေး တွေငြိမ်းချမ်းစွာနဲ့ ရွှေပြည်တော်မှာ စံမြန်း နိုင်ရလေအောင် ယုံကြည်သူ ခရစ်ယာန် ညီအစ်ကို မောင်နှမများ လက်တွဲလျက် အစေခံကြပါစို့လား။ ****– --

သခင့်ကျွန်များသို့---

( ကိုယ့် အမှုအရာ ကိုသာ မရှုမမှတ်ဘဲ၊ သူ့ အမှုအရာ ကို အချင်းချင်း ရှုမှတ်ကြလော့။) ဖိ ၂း၄

၂၀၀၁ ခုနှစ် အေအိုင်ဒီအက်(စ) နေ့အတွက်

နန်းစင်ဖြူ


' သခင့်စကား '

စာဖတ်ပရိတ်သတ်များ

ပျော်ရွှင်သော မွေးနေ့တော် ချိန်ခါ ဖြစ်ပါစေ

သက်သေခံချက်

# ကျွန်မကြားဖူးခဲ့သော ခရစ်ယာန်များ



ခရစ်ယာန်၊ ခရစ်ရန်၊ ခရစ်ရံ၊ ခရစ်ဟန် စသဖြင့် အမျိုးမျိုး ရှိကြောင်းကျွန်မ ကြားဖူးပါသည်။ ထိုသူများထဲတွင် ကျွန်မလဲ လုံးလုံးလျားလျား ပါဝင်နေကြောင်း သိလာရသော အခါတွင် ကိုယ့်ကိုကိုယ် ဝမ်းနည်းမိသည်၊ အားမလို၊ အားမရ ဖြစ်မိသည်။ ရှက်လဲ ရှက်ခဲ့မိပါသည်။

စင်ကာပူ နိုင်ငံ ရှိ ဆေးရုံ တစ်ရုံ၏ အဆောင် ၅ ( ဃ) ၌

ပထမနှစ် ၏ ပထမဆုံးနေ့ ဖြစ်၍ တောင်ယောင်၊ မြောက်ယောင် ဖြစ်နေစဉ်တွင် မမျှော်လင့်ဘဲ သူ့အကြောင်းကြားသိခဲ့ရသည်။ သူ၏ အသားအရေမှာ မစိုပြေတော့ဘဲ၊ အရိုးပေါ် အရေတင်နေပါပြီ။ အသားက ညိုတိုတို၊ ရုပ်ရည်က မပျက်သေးသမို့ သူ ဘာလူမျိုးမှန်း ကျွန်မ ရိပ်မိလိုက်ပါသည်။ သူ့နာမည်ကို ကြည့်လိုက်တော့ ကျွန်မတို့နှင့် တစ်နိုင်ငံတည်းသားတွေ ဖြစ်မှန်းသေချာသွားသော အခါ ကျွန်မ အလွန်ပျော်သွားမိပါသည်။

သို့သော် သူ၏ ရောဂါအမည်ကို သိလိုက်ရချိန်တွင် ကျွန်မ အံ့သြတုန်လှုပ်မိပါသည်။ အေအိုင်ဒီအက်(စ) ရောဂါသည်မှန်း သိလိုက်ရချိန်ဝယ် ကျွန်မ နှုတ်မှ စကားလုံးများပျောက်ကွယ်ကာ ထိုနေရာမှ အမြန်ဆုံးထွက်ခွာလာခဲ့မိပါသည်။ စပ်စုလိုသော ဆန္ဒကြောင့် အခြား သူနာပြု သူငယ်ချင်းများမှ တဆင့် သူ့အကြောင်းစုံစမ်းကြည့်သောအခါတွင် သူသည် စင်ကာပူနိုင်ငံတွင် တရားမဝင် နေထိုင် အလုပ်လုပ်နေသော သူတစ်ဦးဖြစ်ပြီး ရဲ ကဖမ်းမိသွား၍ ရဲဘက်မှ သူ့ကိုဆေးရုံလာတင်ထားကြောင်း ၊ ကျန်းမာရေးအခြေအနေလွန်စွာ ဆိုးရွားနေကြောင်း၊ သူ၏ကျောရိုးမ အာရုံကြောတွင် ဒဏ်ရာရထားကြောင်း သိရပါသည်။ ကျွန်မသည် သူနှင့် တနိုင်ငံတည်းသား ဖြစ်ကြောင်း နှုတ်မှဖွင့်ပြောရန် ဝန်လေးနေမိပါသည်။

ဤသို့ဖြင့် နောက်တစ်နေ့တွင် သူ့ကိုသွားကြည့်ကြပြန်သည်။ ကျွန်မနှင့် အခြား မြန်မာသူငယ်ချင်းတစ်ဦး မြန်မာလိုပြောနေသံကို သူကြားသော်လဲ မသိချင်ဟန်ဆောင်နေသည်၊ သူကျွန်မတို့ကို ဘယ်လိုမြင်သလဲ၊ ဘယ်လိုခံစားနေရလဲ ဆိုတာကို ကျွန်မအရမ်းသိချင်နေသည်။ထို့ကြောင့် သူ့ကို စတင်မိတ်ဖွဲ့ခဲ့ပါသည်၊ ကျွန်မမေးသမျှကို သူ ပါးစပ်မှမဖြေ၊ ခေါင်းညိတ် ခေါင်းခါသာ ပြုလုပ်ခဲ့ပါသည်။ စိတ်မပါဟန် ပေါ်နေသည့်အတွက် ဘာမှဆက်မမေးတော့ဘဲ နေလိုက်ပါသည်။ စိတ်ထဲတွင် သိပ်ကျေနပ်မှုမရှိလှပေ။ ထိုညတွင် သူ၏ရုပ်သွင်ပြင်က ကျွန်မ၏ စိတ်အာရုံကို အစဉ်လွှမ်းမိုးလျက်နေတော့သည်။

အတွေ့အကြုံအရ အလုပ်ကိုလုပ်တတ်ကိုင်တတ်လာ၍ အလုပ်များလာသောကြောင့် သူ့ဘက်ကို သိပ်မရောက်ဖြစ်တော့ပေ၊ သူရှိသော အဆောင်ဘက်သို့ ဖြတ်သန်းသွားမိသည့်အခါတိုင်း သူ့ကုတင်ဘက်ဆီသို့လှမ်းကြည့်မိလျှင် အိပ်ယာထက်တွင် သူအမြဲ ရှိနေတတ်သည်။ လှုပ်ရှားသွားလာဖို့သူ့မှာ ခွန်အားသိပ်မရှိတော့ပြီ။ သူ့ရဲ့အသက်က ၂၅ နှစ် ကျော်ခန့် သာရှိနေသေးသမို့၊ သူ့ရဲ့ခွန်အားတွေက အမြင့်ဆုံးမှာ ရှိနေရမဲ့ အရွယ်မှာ တစ်စုံတစ်ရာ ကသူ့ဆီက အကုန်လုံး ဆွဲငင်ယူသွားလိုက်သလို သူ့မှာ ဘာမှကို မကျန်တော့ပြီ။ သူ့ကိုယ်သူ ပြန်လည်ဂရုမစိုက် နိုင်တော့သော ခန္ဓာကိုယ်ကြီးသာ ကျန်တော့သည်။ ထို ခန္ဓာကိုယ် ကြီးကို တာဝန်အရ ကိုယ်တွယ်နေရသောသူများ ပင်လျှင် သူ့ထံမှ ရောဂါကူးစက်မည်စိုးသောကြောင့် လက်အိတ်နှင့် အကာအကွယ်ယူကာ ကိုင်တွယ်ကြရသည်။

ညနေတိုင်း ကျွန်မ၏ နည်းပြဆရာ ရောက်လာ၍ သင်ခန်းစာ သင်ကြားခြင်းနှင့် အတွေ့အကြုံဆွေးနွေးပွဲ လုပ်သည့် အခါတွင် သူ၏အကြောင်းကို ပြောဖြစ်ကြသည်။ သူသည် ကျွန်မနှင့် တစ်နိုင်ငံသားတည်းမှန်း ဆရာ သိသွားသောအခါ ကျွန်မရှက်မိပါသည်။ လက်နှင့် မျက်နှာ အမှတ်တမဲ့ ထိမိချိန်တွင် မျက်နှာ ထူပူနေတာကို ခံစားလိုက်မိသည်။ သူ့ကြောင့် တိုင်းပြည် နဲ့ လူမျိုး သိက္ခာကျ ရသည်ဟု ခံစားမိသောကြောင့် သူ့အား အလိုလိုနေရင်း စိတ်ကိုနေမိသည်။ သင်တန်းဆရာက သူ့အကြောင်းကို ရယ်စရာ ဟာသ တစ်ခုလို ပြောနေသောအခါ သူ့အဖြစ်က ကျွန်မတို့အတွက်ရှက်စရာ ဖြစ်ကြောင်း ပြန်ပြောပြမိပါသည်။ \

ဤအဆောင်တွင် ကျွန်မ တာဝန်ထမ်းဆောင်ရမည့် ကာလ ကုန်ဆုံး၍ အခြားအဆောင် တစ်ခုသို့ပြောင်းရွှေ့ခါနီး ချိန်တွင် သူ့အားနှုတ်ဆက်ရန် ကျွန်မ နှင့် သူငယ်ချင်းတစ်ယောက် သူ့ဆီ ရောက်လာခဲ့ပါသည်။ ဒီနေ့ ကျွန်မတို့၏ နောက်ဆုံးနေ့ ဖြစ်ကြောင်းသူ့ကို ပြောပြ၍ နှုတ်ဆက်သောအခါတွင် သူပြုံးနေပါသည်။ "ကျွန်မတို့ကို ဘာမှာချင်လဲ၊ ရန်ကုန်ကလား၊ ဆွေမျိုးတွေ နဲ့ ဆက်သွယ်ချင်သလား" ဟု ကျွန်မ မေးသောအခါတွင် သူ့ရဲ့မျက်ဝန်းအစုံမှာ မျက်ရည်များ ပြည့်လျှံလာပြီး ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျဆင်းလာပါတော့သည်။ သို့သော် သူမငိုပါ၊ အံကိုကြိတ်၍ ကြိုးစားအားတင်းနေမှန်းသိသာပါသည်။ သူ့ကိုကြည့်ရင်းကျွန်မလဲ ငိုချင်လာမိသည်။ သူ့ကိုလဲ သနားသွားမိသည်။ သူ့ရဲ့အနာဂတ်ကို ကျွန်မ မတွေးရဲတော့ပါ။

ကျွန်မ မြန်မာပြည်တွင် ရှိနေစဉ်က ကျွန်မ၏ အိမ်ရှေ့တွင်နေသော ပါပါကြီး သည် မြန်မာပြည်၏ အေအိုင်ဒီအက်(စ) နှင့်ပတ်သက်ပြီး တာဝန်ယူထားရသော ဆရာဝန်ကြီး တစ်ဦးဖြစ်ပါသည်။ ပါပါကြီး အားဖြင့် ကျွန်မ သည် အေအိုင်ဒီအက်(စ) ရောဂါနှင့် ပါတ်သက်၍ ဗဟုသုတ တော်တော်များများ ရရှိထားပါသည်။ ရောဂါသည်များ၏ အခြေအနေနှင့်ပတ်သက်၍ ဓါတ်ပုံများနှင့် နောက်ဆုံးအခြေအနေ သို့ရောက်နေသော ရောဂါသည်များ၏ ဓါတ်ပုံများကို ကြည့်ခဲ့ဖူးသောကြောင့် သူ၏ လက်ရှိအခြေအနေသည် နောက်ဆုံးအဆင့်သို့ တစ်လှမ်းချင်း တက်လှမ်းနေမှန်းကျွန်မ စိတ်ထဲက အလိုလိုသိနေပါသည်။ သူနှင့် နောက်ဆုံးတွေ့ခဲ့သော နေ့ရောက်မှ သူ့အားနှုတ်အားဖြင့် လဲ ခရစ်တော်ဘုရား အကြောင်းသက်သေမခံခဲ့သလို ၊ လက်အားဖြင့်လဲ သက်သေမပြု ခဲ့မှန်းသိလာသောကြောင့် ကျွန်မ နောင်တရမိပါသည်။ ဒီလို အပယ်ခံ ရောဂါသည် တစ်ယောက်အား ကူညီနိုင်လောက်အောင် သတ္တိမရှိခဲ့ခြင်းအတွက် ကိုယ့်ကိုယ်ကို ရှက်မိပါသည်။

နောက်တစ်နေ့ တနင်္လာနေ့ရောက်သောအခါတွင် အဆောင်အသစ်သို့ တာဝန်ပြောင်း၍ ထမ်းဆောင်နေချိန်မှ သူဖတ်ဖို့ ခရစ်ယာန် မဂ္ဂဇင်း တစ်စောင်အား ကျွန်မ အစ်ကိုတစ်ယောက်ဆီမှ တောင်း၍ သူ့ကိုပေးဖို့ရန် ထွက်လာခဲ့ပါသည်။ သို့သော် သူရှိနေကျသူ့အိပ်ယာလေးတွင်သူမရှိတော့ဘဲ တခြားတစ်ယောက်က အစားထိုး နေရာဝင်ယူထားသည်ကို တွေ့ရသောကြောင့် ကျွန်မရင်ထဲတွင် ဟာ သွားပါသည်။ ထိုအဆောင်တွင်တာဝန်ကျနေသော မြန်မာ သူငယ်ချင်းတစ်ယောက်အား သူ့ အကြောင်း မေးကြည့်ရာ တိကျရေရာ သေချာသော အဖြေကို မရသောကြောင့် ကျွန်မ၏ ဆန္ဒ နှင့် အိပ်မက်များ နောက်ကျသွားပြီဖြစ်ကြောင်း ကောင်းကောင်း သိလိုက်ရပါသည်။

ကျွန်မကိုယ် ကျွန်မ ပြန်သုံးသပ်နေမိပါသည်။ ကျွန်မဟာ ရကောက်နသတ်ရန်တဲ့ "ခရစ်ယာန်"လား၊ သေးသေးတင်တဲ့ "ခရစ်ရံလား၊ ကာရန်ညှိထားတဲ့ "ခရစ်ဟန်"လား၊ နောက်ထပ် ဘာများဖြစ်နိုင်ပါသေးလဲ၊ ခရစ်တော် ရဲ့ ခြေရာနောက်လိုက်လျှောက်တဲ့ ခရစ်ယာန် တစ်ယောက် မဖြစ်သေးဘူးဆိုတာ တော့ ကိုယ့်ကိုယ်ကို သေချာစွာ သိရှိခံစားလိုက်မိပါသည်။

အပြောလေး၊ သီချင်းလေးနဲ့တော့ ဒုက္ခသည် ကို ကူညီရန် လွယ်ကူသော်လဲ၊ တကယ့် တကယ် နဖူးတွေ့၊ ဒူးတွေ့ လက်တွေ့မှာ တော့ဖြင့် ကျွန်မတစ်ယောက်---

(ဒီဇင်ဘာ ၁ ရက်၊ ကမ္ဘာ့ အေအိုင်ဒီအက်(စ) နေ့ နှင့် "မိုး" မွေးနေ့ အမှတ်တရ )

( မှူယာဘုန်း )